# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

COMMERCE

August 2, 2019 Volume 22, Number 2


၂.၈.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၃၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၅၁၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၂.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၈.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၂.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၇.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၇.၈၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၄၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၁၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပြည်တွင်းထွက် လက်ဖက်စိုနှင့်လက်ဖက်ခြောက်ကို ဂျာမနီနိုင်ငံသို့တင်ပို့ရန်စီစဉ်

ပြည်တွင်းမှထွက်ရှိသည့် လက်ဖက်စိုနှင့် လက်ဖက်ခြောက်ကို လာမည့် ဘဏ္ဍာနှစ်တွင် ဂျာမနီနိုင်ငံသို့ ၁၀ တန်တင်ပို့နိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါ်ညိုညိုစိန်၏ ပြောဆိုချက်အရသိရသည်။ ပြည်တွင်းက စားသောက်ကုန်တစ်မျိုးဖြစ်တဲ့ လက်ဖက်ကို ပြည်ပနိုင်ငံတွေအထိ ထိုးဖောက်ပြီး ဈေးကွက်တစ်ခုရအောင် လက်ဖက်လုပ်ငန်းရှင်တွေ အားလုံးတိုင်ပင်ပြီး စီမံချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတယ်။ အခုကတော့ မြန်မာနိုင်ငံရဲ့ လက်ဖက်စိုနဲ့ လက်ဖက်ခြောက်ကို ဂျာမနီနိုင်ငံမှာ ဈေးကွက်တစ်ခုရအောင် ဖြည်းဖြည်းချင်း တင်ပို့မယ်။ ဂျာမနီနိုင်ငံမှာ ဈေးကွက်တစ်ခုရပြီဆိုတာနဲ့ တခြားပြည်ပနိုင်ငံတွေကို ထပ်ပြီးတိုးချဲ့တင်ပို့နိုင်ဖို့ ဆက်လက်လုပ်ဆောင်မှာပါဟု ဒေါ်ညိုညိုစိန်က ပြောသည်။

ပြည်တွင်းထွက် စားသောက်ကုန်တစ်မျိုး ဖြစ်သည့် လက်ဖက်ကို ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် အများဆုံးစိုက်ပျိုးထွက်ရှိပြီး ယင်းလက်ဖက်စိုနှင့် လက်ဖက်ခြောက်များကို မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြည်ပဈေးကွက်သို့ ထိုးဖောက်သည့်အနေဖြင့် လာမည့်ဘဏ္ဍာနှစ်အတွင်း ဂျာမနီ နိုင်ငံသို့ ၁၀ တန်တင်ပို့ရန် စီစဉ်နေခြင်းဖြစ်သည်။ ထိုသို့ တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံအချင်းချင်း ချိတ်ဆက်မှုများလည်း ပြုလုပ်ထားပြီး မြန်မာနိုင်ငံမှ လက်ဖက်စိုနှင့် လက်ဖက်ခြောက် တင်ပို့ရောင်းချရာတွင် လက်ဖက်အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းများမှာ 1kg လျှင် အမေရိကန် ဒေါ်လာ ၆ ဒေါ်လာမှ ၁၀ ဒေါ်လာကြားတွင်ရှိကြောင်း၊ အလားတူ တခြားလက်ဖက် အရည်အသွေးပေါ်မူတည်၍ အရည်အသွေးကောင်းသည့် လက်ဖက် အမျိုးအစားဖြစ်ပါက 1kg လျှင် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ အထက် ရှိကြောင်းသိရသည်။ လက်ရှိမြန်မာ့လက်ဖက်စိုနှင့် လက်ဖက်ခြောက်ကို အမေရိကန်နိုင်ငံသို့ ၂၀၁၅ ခုနှစ်မှ စတင်တင်ပို့ပြီး ဈေးကွက်ထိုးဖောက်ခဲ့ရာ ၂၀၁၈ ခုနှစ်အထိ ၁၇ တန်မှ တန် ၂၀ အထိ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2219-local-raw-tea-and-tea,-plans-to-export-to-germany.html

## ထိုင်းပို့ ကုန်များဆက်တိုက်ကျဆင်းလာနေ

ထိုင်းပို့ကုန်များအနေဖြင့် ကမ္ဘာ့စီးပွားရေးနေးကွေးမှု၊ အမေရိကန်-တရုတ်ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများနှင့် ရေနံဈေးနှုန်းကျဆင်းမှုတို့ကြောင့် ကမ္ဘာ့ ဝယ်လိုအားကျဆင်းမှုနှင့်အတူ ဆက်တိုက်ကျဆင်းလျက်ရှိကြောင်းသိရှိရသည်။ အကောက်ခွန်ရှင်းလင်းပြီး ပြည်ပသင်္ဘောတင်ပို့ မှုမှာ မတ်လတွင် ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ဧပြီလတွင် ၂ ဒသမ ၆ ရာခိုင်နှုန်း၊ မေလတွင် ၅ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ပြီး နှစ်အလိုက်တွင် ဇွန်လအထိ ၂ ဒသမ ၁၅ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄ ဘီလီယံအထိကျဆင်းခဲ့ကြောင်း ထိုင်းစီးပွားရေး ဝန်ကြီးဌာနက ယမန်နေ့က ပြောကြားခဲ့သည်။ ယမန်နှစ် ဇွန်လမှစ၍ ထိုင်းပို့ကုန် များ ၂ ဒသမ ၉၃ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ထိုင်းဘတ်ငွေ ၆၇၇ ဘီလီယံ ကျဆင်းခဲ့သည်။ ထိုင်းပြည်ပပို့ကုန်များအနေဖြင့် ဈေးကွက်အများစုတွင် ကျဆင်းနေကြောင်း၊ တရုတ်နိုင်ငံသို့ သင်္ဘောတင်ပို့မှုမှာ ယခုနှစ်ဇွန်လတွင် ၁၄ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အလားတူ အမေရိကန်သို့ သင်္ဘောတင်ပို့မှုမှာ ၂ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရှိရသည်။

လယ်ယာနှင့်စိုက်ပျိုးရေးထွက်ကုန်များမှာဇွန်လတွင် ယမန်နှစ်ကာလ တူထက် ၉ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ၃ ဒသမ ၂၃ ဘီလီယံကျဆင်း ခဲ့ကြောင်း၊ အဓိကအားဖြင့် ဆန်တင်ပို့မှု ၃၄ ဒသမ ၆ ရာခိုင်နှုန်း၊ သကြားတင်ပို့မှု ၁၉ ဒသမ ၄ ရာခိုင်နှုန်း၊ အေးခဲပင်လယ်စာ တင်ပို့မှု ၉ ဒသမ ၅ ရာခိုင်နှုန်း၊ လတ်ဆတ်ဟင်းသီးဟင်းရွက်၊ အေးခဲဟင်းသီးဟင်းရွက်နှင့် ပြုပြင်ထားသော ဟင်းသီးဟင်းရွက်တင်ပို့မှု ၁၀ ရာခိုင်နှုန်းနှင့် ပီလောပီနံတင်ပို့မှု ၁၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းတို့ဖြစ်သည်။

ရွှေတင်ပို့မှု ၃၁၇ ရာခိုင်နှုန်း ၊ အလှကုန်၊ ဆပ်ပြာနှင့် အသားအရေ ဆိုင်ရာ ကုန်ပစ္စည်းများတင်ပို့မှု ၁၀ ရာခိုင်နှုန်း၊ လေအေးပေးစက်တင်ပို့မှု ကိုးရာခိုင်နှုန်း၊ မော်တော်ဆိုင်ကယ်နှင့်မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများ တင်ပို့မှု ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့မှုကြောင့် စက်မှုထုတ်ကုန်များအနေဖြင့် သုညဒသမ ဝ၄ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၈ ဘီလီယံ တိုးတက်ခဲ့ကြောင်းသိရှိရသည်။

ရေနံဆိုင်ရာ ထုတ်ကုန်တင်ပို့မှု ၂၂ ရာခိုင်နှုန်း၊ အီလက်ထရွန်နစ် ဆားကစ် တင်ပို့မှု၂၀ ဒသမ ၆ ရာခိုင်နှုန်း၊ ကွန်ပျူတာနှင့်အစိတ်အပိုင်းများ တင်ပို့မှု ၁၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် စတီးနှင့်သံမဏိထုတ်ကုန်များတင်ပို့မှု ၁၅ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်းသိရှိရသည်။

သွင်းကုန်တင်သွင်းမှုမှာလည်း ဇွန်လတွင် ၉ ဒသမ ၄၄ ရာခိုင်နှုန်း၊ တန်ဖိုး အားဖြင့် အမေရိကန်ဒေါ်လာ ၁၈ ဒသမ၂ ဘီလီယံကျဆင်းခဲ့ကာ ကုန်သွယ်မှုပိုငွေ ၃ ဒသမ ၂ ဘီလီယံကိုဖြစ်စေရန် အဓိကဦးဆောင်စေခဲ့သည့် အချက် အလက်ဖြစ်ကြောင်းသိရှိရသည်။ ယခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပထမ ခြောက်လအတွင်း ပို့ကုန် စုစုပေါင်း ၂ ဒသမ ၉၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁၃၃ ဘီလီယံရှိကြောင်း၊ အဆိုပါကာလအတွက် ကုန်သွယ်မှု ပိုငွေ၃ ဒသမ ၉၄ ဘီလီယံရှိကြောင်းသိရှိရသည်။ ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း လစဉ်ပို့ကုန်တန်ဖိုးအား ပျမ်းမျှ ၂၀ မှ ၂၁ ဘီလီယံအထိ ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက ပို့ကုန်တင်ပို့မှုမှာ ယခုနှစ်အတွက် တစ်ရာခိုင်နှုန်းအထိ တိုးတက်လာမှာဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**Source:Bangkok Post**

**စီးပွားရေးသံမှူး-ဗန်ကောက်**

## အောင်လံမြို့နယ်အတွင်း ပဲတီစိမ်းအထွက်နှုန်းကောင်းပြီး ဈေးကောင်းရသော်လည်း အလုပ်သမားစရိတ်ကြီးမြင့်မှုကြောင့် အမြတ်နည်းနေ

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ယခုအခါ ပဲတီစိမ်းအထွက်နှုန်းကောင်းပြီး ဈေးကောင်းရသော်လည်း အလုပ်သမားစရိတ်ကြီးမြင့်မှုကြောင့် အမြတ်နည်းနေကြောင်း ဒေသခံတောင်သူများထံမှသိရသည်။ အခုနှစ် ပဲတီစိမ်း အထွက်နှုန်းကောင်းပါတယ်။ ပဲတီစိမ်းအသစ်ဈေးကလည်းကောင်းပါတယ်။ ဒါပေမဲ့ အလုပ်သမားစရိတ်တွေနဲ့ အခြား ကုန်ကျစရိတ်တွေကတက်တော့ အမြတ်ကမကျန်ဘူးဟု စမ်းကလေးကျေးရွာမှ တောင်သူဦးစိုးမင်းထွန်းကပြောကြားသည်။

ယခုအခါ အောင်လံမြို့နယ်၌ ပဲတီစိမ်းအသစ်များ စတင်ခူးဆွတ်၍ အစေ့ကြိတ်ခွဲရောင်းချနေပြီဖြစ်ရာ ပဲတီစိမ်းအသစ် ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ ဈေးရှိပြီး၊ ပဲတီစိမ်းစိုက်တောင်သူများမှာ တစ်ဧကတွင် ယခင်နှစ်က ရှစ်တင်းမှ ၁၀ တင်း ထွက်ရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၅ တင်းမှ တင်း ၂၀ အထိထွက်ရှိသည်။ အဆိုပါ ပဲတီစိမ်းစိုက်တောင်သူများမှာ ယခုအခါ ပဲတီစိမ်းခူး ဆွတ်လုပ်သားခ တစ်ဧကတွင် ကျပ်တစ်သိန်းကုန်ကျနေပြီး ပဲတီစိမ်းအစေ့ ကြိတ်ခွဲခမှာ ယခင်နှစ်က

တစ်တင်း ကျပ် ၅၀၀ ရှိသော်လည်း ယခုနှစ်တွင် တစ်တင်းကျပ် ၈၀၀ ပေးရသည်။ အောင်လံမြို့နယ်တွင် ယခင်နှစ် ပဲတီစိမ်း အသစ်များပေါ်ရာတွင် ပိဿာ ၂၀ တစ်အိတ်ကျပ် ၂၈၀၀၀ ဈေးရှိခဲ့ကာ ယခုနှစ်ပဲတီစိမ်းအသစ်များ စတင်ထွက်ရှိရာတွင် ပိဿာ ၂၀ တစ်အိတ် ကျပ် ၃၂၀၀၀ ဈေးရှိပြီး ရန်ကုန်နှင့်မန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့နေရသည်။ အောင်လံမြို့နယ်အတွင်း ယခုနှစ် မိုးပဲတီစိမ်းစိုက်ဧက ၄၄၀၆၅ ဧကရှိပြီး GAP နည်းပညာဖြင့် ဧက ၁၅၀ စိုက်ပျိုးထား ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source:** https://dailydemocracytoday.com/current-news/150

## အော်ဂဲနစ်ချင်းခြောက်များကို နယ်သာလန်နိုင်ငံကို တင်ပို့သွားမည်



လာမည့်သုံးနှစ်အတွင်းမှာ အော်ဂဲနစ်ချင်းခြောက် တန်ချိန် (၃၀၀၀)ကို နယ်သာလန်နိုင်ငံကို တင်ပို့သွားမှာဖြစ်ကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ တောင်သူများ ချင်းကို စီးပွားဖြစ်လုပ်သွား နိုင်ရန် အတွက် အော်ဂဲနစ်ချင်းများကိုစိုက်ပျိုးကာ သုံးနှစ်အတွင်းမှာ တင်ပို့သွားနိုင်ရန်အတွက် စီစဉ်လုပ်ဆောင်နေတာဖြစ်တယ်လို့ ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ အတွင်းရေးမှူး ဦးဇော်ညွှန့်ကပြောပါတယ်။

နယ်သာလန်နိုင်ငံကနေပြီးတော့ မှာတဲ့အတွက် တင်ပို့နိုင်ဖို့ စီစဉ်လုပ်ဆောင်နေပါတယ်။ ဒီနှစ်မှာတော့ မျိုးတွေစပြီး စိုက်ပျိုးနေပါပြီ။ လာမယ့်သုံးနှစ်အတွင်းမှာ တင်ပို့နိုင်ဖို့အတွက် လုပ်ဆောင်နေပါတယ်။ တောင်သူတွေလည်း ချင်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ဖို့ရည်ရွယ်ပြီးလုပ်ဆောင်သွားမှာပါ။ အော်ဂဲနစ်ချင်းမျိုးများကို ရှမ်းပြည်နယ်မြောက်ပိုင်းမှာ အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပြီး ဧက(၃၀) ဝန်းကျင်စိုက်ပျိုးသွားမှာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ အော်ဂဲနစ်ချင်းခြောက် များကို နယ်သာလန်နိုင်ငံမှ နည်းပညာများနဲ့မျိုးများပေးကာ စီစဉ်လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

**Source:**https://greenwaymyanmar.com/posts/export_dry_ginger_to_Netherlands?fbclid=IwAR0rCePdUd0haEt9IBkdaAktTLtrrcd6FpfuT5fM_heh0jFRHGrv4KdDHCo

## ကန်-တရုတ် ကုန်သွယ်ရေးစစ် ပိုမိုပြင်းထန်

တရုတ်နိုင်ငံ ထွက်ကုန်တချို့အပေါ်မှာ အခွန် ၁၀% နောက်ထပ် တိုးမြှင့်ကောက်ခံမယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြား လိုက်ပြီးနောက် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ ပိုမိုပြင်းထန်လာပါတယ်။ နောက်လ ကျရင် ကုန်သွယ်ရေးညှိနှိုင်းမှု ဆက်လက်ပြုလုပ်မယ်ဆိုတဲ့ သဘောတူညီမှုရရှိပြီး တရက်အကြာ ကြာသပတေးနေ့မှာပဲ သမ္မတထရမ့်က အခုလိုပြောကြားလိုက်တာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ အမေရိကန်ရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေ ပိုမိုဝယ်ယူဖို့နဲ့၊ အမေရိကန်ပြည်ထောင်စုထဲကို Fentanyl ခေါ် ဘိန်းထွက်ဆေးဝါးတင်သွင်းမှု ရပ်ဆိုင်းမယ့်ကိစ္စကို ပျက်ကွက်နေတယ်လို့လည်း ဒေါ်နယ်ထရမ့်က စွပ်စွဲလိုက်ပါတယ်။

ယခင် တိုးမြှင့်ကောက်ခံခဲ့တဲ့ သွင်းကုန်ခွန်တွေဟာ စက်မှုထုတ်ကုန်တွေကို ပစ်မှတ်ထားခဲ့ပေမဲ့ ၊ အခုစတင်လာတဲ့ သွင်းကုန်ခွန်တွေကတော့ လက်ကိုင်ဖုန်းနဲ့ အဝတ်အထည်စတဲ့ လူသုံးကုန်တွေကို ပစ်မှတ်ထားလာတာဖြစ်ပါတယ်။

**Source:** https://www.facebook.com/kope.aung

**VOA Burmese News**

## ရန်ကုန် ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်ဦးဆောင်

လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမ ၉ လအတွင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး အချက်အခြာ နေရာဖြစ်သော ရန်ကုန်တွင် အကြီးမားဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးဦးစီးဌာန (DICA) ၏ အဆိုအရသိရသည်။ တရုတ်နိုင်ငံသည် မြန်မာတနိုင်ငံလုံးတွင် ဒုတိယအကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူလည်းဖြစ်နေပြီး ဖြစ်သည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးမည့် လက်ရှိ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဇူလိုင်လ ၂၄ ရက်နေ့ အထိ ရန်ကုန်တိုင်းဒေသကြီးသည် ပြည်ပရင်းနှီးမြှုပ်နှံမှု စီမံကိန်းစုစုပေါင်း ၁၁၃ ခုကို ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ၎င်းတို့

အနက် ၆၅ ခုမှာ တရုတ်ကုမ္ပဏီများဖြစ်ကြောင်း DICA ၏ ရန်ကုန်တိုင်းရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက လွန်ခဲ့သော တပတ် ဗုဒ္ဓဟူးနေ့ကပြောသည်။

တရုတ်ကအများဆုံးပဲဟု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) ၏ အတွင်းရေးမှူးလည်း ဖြစ်သော ဦးမျိုးခိုင်ဦးကပြောသည်။ သို့သော် မည်သည့်စီးပွားရေးကဏ္ဍသည် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအများဆုံးရသည်ကို သူက ထုတ်ဖော်ပြောကြားခြင်းမပြုပေ။ ထိုတရုတ် စီမံကိန်းများအပြင် တိုင်းဒေသကြီး အစိုးရသည် ဟောင်ကောင်မှ စီမံကိန်း ၁၇ ခု၊ အိန္ဒိယနှင့် ထိုင်ဝမ်မှ ၆ ခုစီ၊ ဂျပန်မှ ၄ ခု၊ စင်ကာပူနှင့် ဗြိတိသျှ ဗာဂျင်ကျွန်းစုမှ ၃ ခုစီနှင့် တခြားနိုင်ငံမှ စီမံကိန်း ၉ ခုကိုလည်း ခွင့်ပြုခဲ့သည်။ ထိုနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၁.၀၂၂ သန်း (ကျပ် ၃၀၃.၈၃ ဘီလျံ) တန်ဖိုးရှိကြောင်း YRIC ၏ အဆိုအရသိရသည်။ အားလုံး ခြုံငုံသုံးသပ်ရပါက ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွား ကဏ္ဍ၊ အိမ်ခြံမြေနှင့် ငါးလုပ်ငန်း ကဏ္ဍများသည် ထိုကာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများဆုံး ဆွဲဆောင်နိုင်သောကဏ္ဍများဖြစ်သည်။ ရန်ကုန်တိုင်းအစိုးရသည် မေလက ရန်ကုန်ရင်းနှီးမြှုပ်နှံမှု ညီလာခံ ၂၀၁၉ ကို ကျင်းပခဲ့ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအား စီမံကိန်း ၈၀ ကျော်ကို ပြသခဲ့သည်။ ထိုညီလာခံတွင် မြန်မာအစိုးရသည် ရန်ကုန်၏သေနင်္ဂဗျူဟာကျသော တည်နေရာ၊ အခြေခံအဆောက်အအုံတိုးတက်မှုနှင့် ထွန်းသစ်စအလုပ်သမား အင်အားစုတို့ကို မီးမောင်းထိုးပြကာ ရင်းနှီးမြှုပ်နှံသူများကိုဖိတ်ခေါ်ခဲ့သည်။

နိုင်ငံ၏ တိုင်းနှင့်ပြည်နယ် ၁၄ ခုတွင် အသေးငယ်ဆုံး ဖြစ်သော်လည်း ရန်ကုန်တိုင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းနီးပါး ရရှိပြီး မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP) ၏ လေးပုံတပုံနှင့် ညီမျှသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က စတင်သော ယခုဘဏ္ဍာရေးနှစ်အတွင်း ဒေါ်လာ ၂ ဘီလျံ တန်ကြေးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၂၀၇ ခုကို ခွင့်ပြုခဲ့သည်။ MIC ၏ အဆိုအရ ရန်ကုန်သည် ၂၀၁၁-၁၂ မှ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်များအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ၂၂ ဘီလျံရရှိခဲ့သည်ဟု သိရသည်။ တရုတ်နိုင်ငံသည် ရည်မှန်းချက်ကြီးမားလှသော ရပ်ဝန်းနှင့်လမ်းအစီအစဉ် (BRI) အရ ရန်ကုန်တွင်သာမက တနိုင်ငံလုံးတွင်လည်း ရေနက်ဆိပ်ကမ်းတခု၊ မြို့သစ်များ၊ စက်မှုဇုန်များ၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များနှင့် မြန်နှုန်းမြင့်ရထားလမ်းများအပါအဝင် ဒေါ်လာဘီလျံများစွာတန်သည့်စီမံကိန်းများ အကောင်အထည်ဖော်ရန် စီစဉ်နေသည်။ မြန်မာနိုင်ငံသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ် ရေးထိုးခဲ့ပြီးနောက် လွန်ခဲ့သော နိုဝင်ဘာမှစတင်ပြီး BRI အစီအစဉ်၏ တရားဝင် အဖွဲ့ဝင် ဖြစ်လာသည်။ ကီလိုမီတာ ၁၇၀၀ ရှည်လျားသည့် ထိုစီးပွားရေးစင်္ကြံသည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမှ အရှေ့တောင်ဘက်တွင် မြန်မာ့စီးပွားရေး အချက်အခြာ ရန်ကုန်နှင့် အနောက်ဘက်ရှိ ကျောက်ဖြူ အထူးစီးပွားရေးဇုန် အထိ ဖြတ်သန်းသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်၏ သင်္ကေတ နိုင်ငံခြားရေးမူဝါဒ အစီအစဉ်ဖြစ်သော BRI သည် ၂၀၁၃ ခုနှစ်က စတင်ကြေညာခဲ့ပြီး ထိုစဉ်က ရပ်ဝန်းတခု၊ လမ်းတခု အစီအစဉ်ဟုခေါ်ခဲ့သည်။ ထိုအစီအစဉ်တွင် တရုတ်မှ ဗဟိုအာရှ၊ အရှေ့အလယ်ပိုင်းနှင့် ရုရှားတို့ကိုဖြတ်သန်းပြီး ဥရောပနှင့်ဆက်သွယ်မည့် ကားလမ်းများ၊ ရထားလမ်းများနှင့် ရေကြောင်းလမ်းများ၏ ကွန်ရက်တခု ပါဝင်ပြီး ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးမည်ဟု မျှော်လင့်ရသည်။

CMEC သည် ၂၀၁၆ ခုနှစ်ကစတင်ပြီး စီးပွားရေး နေးကွေးသည့်ကာလအပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရခေတ်အတွင် နိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အများဆုံး စီးဝင်ခြင်းကို ဖန်တီးပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ FDI မှာ ၂၀၁၅-၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉.၅ ဘီလျံရှိရာမှ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၆.၆ ဘီလျံသို့ လည်းကောင်း ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်က ဒေါ်လာ ၅.၆ ဘီလျံသို့ လည်းကောင်း သိသိသာသာ ကျဆင်းသွားခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ အကျပ်အတည်းကြောင့် နိုင်ငံ၏ပုံရိပ်ကို ထိခိုက်ပြီး အနောက်တိုင်းရင်းနှီးမြှုပ်နှံသူများ ကျောခိုင်းသွားသောကြောင့်ဖြစ်သည်။ လွန်ခဲ့သောနှစ် အောက်တိုဘာလကမှ MIC မြန်မာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (MIPP) ကို စတင်ခဲ့ပြီး နောင်လာမည့်နှစ် ၂၀ အတွင်း တာဝန်သိသော စီးပွားရေးလုပ်ငန်းများထံမှ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ဘီလျံ ၂၀၀ ဆွဲဆောင်ရန်ရည်မှန်းသည်။ MIPP အရ မြန်မာနိုင်ငံသည် ၂၀၁၀-၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ် အတွင်း ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၈.၅ ဘီလျံ ၊ ၂၀၂၆-၂၇ မှ ၂၀၃၀-၃၁ ဘဏ္ဍာရေးနှစ်များအတွင်း ဒေါ်လာ ၁၂.၃ ဘီလျံနှင့် ၂၀၃၁-၃၂ မှ ၂၀၃၅-၃၆ ဘဏ္ဍာရေး နှစ်များအတွင်း ဒေါ်လာ ၁၇.၆ ဘီလျံ ရရှိမည်ဟု မျှော်လင့်ထားသည်။

BRI သည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်ကိုဖြည့်ဆည်းမည့် အခွင့်အလမ်းဖြစ်သည်ဟု ဇန်နဝါရီလ နှောင်းပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ မြန်မာနိုင်ငံသည် BRI

သဘောတူညီချက်အရ အာရှသယ်ယူပို့ဆောင်ရေး အချက်အခြာဖြစ်လာနိုင်ပြီး နိုင်ငံအားလုံးသည် BRI မှ အကျိုးခံစား ရနိုင်ကြောင်းလည်း သူကပြောသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွက် ဒုတိယအကြီးမားဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရင်းမြစ်နှင့် ထိပ်တန်းကုန်သွယ်ဖက်မှာတရုတ်နိုင်ငံဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ အထိ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ဘီလျံ ၂၀ ကျော်ရှိပြီး နိုင်ငံ၏စုစုပေါင်း FDI ၏ ၂၆ ရာခိုင်နှုန်းနီးပါးဖြစ်သည်။

**Source: The Irrawaddy - Burmese Edition**

https://www.facebook.com/pe.aung.902/posts/637256443433852

## အညာ၌ မြေပဲလုံးဆန်အဝင်နည်း၍မြေပဲဆီဈေးကောင်းရနေ

အညာဒေသတွင် မြေပဲအတောင့်နှင့် မြေပဲလုံးဆန်အဝင်နည်းသောကြောင့် မြေပဲဆီဈေးကောင်းရနေကြောင်း ရေနံချောင်းမြို့နယ် ဆီအရောင်းဆိုင်များနှင့် ပဲပွဲစားများထံမှ သိရသည်။ လက်ရှိအချိန်မှာ မြေပဲအသစ်ကမပေါ်သေးဘူး။ မြေပဲအတောင့်နဲ့ မြေပဲလုံး၊ မြေပဲဆန် အနီများမှာလည်း အရင်နှစ်က အဟောင်းပဲရောင်းနေကြတာ။ ပြီးတော့ တရုတ်နိုင်ငံကိုလည်း ပို့နေရတဲ့အတွက် မြေပဲဆီဈေးကောင်းနေတော့ ပြန်မကျတာဟု ပွဲစားကိုကြည်ခိုင်ကပြောဆိုသည်။

ဈေးကွက်တွင် မြေပဲလုံးဆန်တစ်ပိဿာ ကျပ် ၃၀၀၀၊ မြေပဲဆီ ကျပ် ၆၄၀၀ ပေါက်ဈေးရှိပြီး တက်ဈေးဖြင့် ငြိမ်နေကြောင်း၊ ကုန်ကြမ်းဖြစ်သော မြေပဲနှင့်မြေပဲလုံးဆန် အဝင်မှာနည်းနေကြောင်း မြေပဲနှင့်မြေပဲဆီဈေးကွက်မှသိရသည်။ ရေနံချောင်းမြို့နယ်က တောင်သူဦးတင်ယွန်းက လက်ရှိ မြေပဲကို အဓိကထားစိုက် ကြတာပါ။ အရင်နှစ်က ဝါဆိုပဲလို့ခေါ်တဲ့ မြေပဲတွေ တင်း ၁၀၀ ကျော်ကနေ ၂၀၀ နီးပါးရကြပြီး မြေပဲတစ်တင်း ကျပ် ၁၄၀၀၀၊ မြေပဲဆီတစ်ပိဿာ လက်ကား ကျပ် ၆၀၀၀ ရောင်းရတာမို့ ယခုနှစ်အဓိ စိုက်လာကြတာဟု ပြောဆိုသည်။ ရေနံချောင်းမြို့နယ်တွင် လက်ရှိစိုက်ပျိုးရာသီတွင် မိုးမြေပဲ ၃၆၀၉၃ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## မြန်မာ့သနပ်ခါးကို ထိုင်းနှင့်အိန္ဒိယနိုင်ငံက စိတ်ဝင်စားမှုရှိသော်လည်း တင်ပို့ ရန်အခက်အခဲများရှိနေ



မြန်မာ့သနပ်ခါးကို ထိုင်းနှင့်အိန္ဒိယနိုင်ငံက စိတ်ဝင်စားမှုရှိနေခြင်းကြောင့် တင်ပို့လိုသော်လည်း အခက်အခဲများရှိနေကြောင်း မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကသိရသည်။ မြန်မာ့သနပ်ခါးကို အမှုန့်အဖြစ် ထုတ်လုပ်ကာ ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့သော ဓာတုဆေးဝါးကင်းသည့် သဘာဝ စစ်စစ်ရောင်းချသည့် ပစ္စည်းများပြပွဲတွင် သွားရောက်ပြသခဲ့ရာ ထိုင်းနိုင်ငံနှင့် အိန္ဒိယကုန်သည်တို့က စိတ်ဝင်စားမှုရှိခဲ့ကြောင်းသိရသည်။ ကျွန်တော်တို့ သွားပြခဲ့တဲ့ သနပ်ခါးအမှုန့်ဈေးနှုန်းနဲ့ သူတို့ရရှိနေတဲ့ သနပ်ခါးအမှုန့်ဈေးနှုန်းက ကွာဟနေတယ်။ တရားမဝင်လမ်းကြောင်းနဲ့ အရည်အသွေးမှန်ကန်မှုတွေကတော့ ကျွန်တော်တို့လောက်ရှိမှာမဟုတ်ဘူး။ အဲဒီအတွက် အဲဒါတွေကိုလည်း ရှင်းပြခဲ့ရတယ်။ ပြည်တွင်းမှာ သနပ်ခါးပါဝင်တယ်ဆိုပြီး အလှကုန်ပစ္စည်းတွေ ထုတ်လုပ်နေကြတယ်။ တော်တော်များများကတော့ သနပ်ခါးပါဝင်မှုမရှိပါဘူး။ ဒီအတွက်လည်း အားလုံးခြုံငုံပြီး စိစစ်မှုတွေကို သက်ဆိုင်ရာနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်တယ်ဟု အသင်းဥက္ကဋ္ဌ ဦးကျော်မိုးကပြောသည်။ ပြည်ပနိုင်ငံများသို့ သနပ်ခါးကို တရားဝင်မဟုတ်သော လမ်းကြောင်းများဖြင့် တင်ပို့နေခြင်းကြောင့် တင်ပို့ရာတွင် အခက်အခဲများရှိနေကြောင်း၊ ထို့ပြင် ပြည်တွင်း၌လည်း သနပ်ခါးပါဝင်သည် ဟုဆိုကာ ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နေသော်လည်း အမှန်တကယ် သနပ်ခါးပါဝင်မှုမရှိခြင်းကြောင့် ဈေးကွက်ပိုင်းဆိုင်ရာ အခက်အခဲများ ရှိနေကြောင်း သိရသည်။

ထို့အတွက် တင်ပို့မှု၊ ရောင်းချမှုဆိုင်ရာများကို သက်ဆိုင်ရာနှင့် ပူးပေါင်းလုပ်ဆောင်ပြီးမှသာတင်ပို့လျှင် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ခြင်းကြောင့် ဆောလျင်စွာ တင်ပို့မှုမပြုသေးခြင်းဖြစ်ကြောင်းသိရသည်။ ပြည်တွင်းက ကုန်ကြမ်းအဖြစ်ပဲ ထုတ်လုပ်တာထက် ကုန်ချောအဖြစ် ပြည်ပကိုတင်ပို့ရောင်းချနိုင်ဖို့ သနပ်ခါးအမှုန့်ကို ပို့ဖို့အတွက်စီစဉ်နေပါတယ်။ လတ်တလောမှာတော့ တင်ပို့နိုင်မှာမဟုတ်သေးပေမယ့် မကြာခင်မှာ တင်ပို့ဖို့စီစဉ်သွားမှာဖြစ်ပါတယ်ဟု ၎င်းက ဆက်လက်ပြောသည်။ ယခုကဲ့သို့ အခက်အခဲများရှိသော်လည်း မြန်မာ့သနပ်ခါးကို အဆင့်မြင့်ထုတ်ကုန်အဖြစ် ပြည်ပသို့တင်ပို့နိုင်လျှင် ပြည်တွင်းရှိ သနပ်ခါးစိုက်ပျိုးသူများ ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ကနဦးအနေဖြင့် ပြည်တွင်း၌

သနပ်ခါး ပါဝင်သည်ဟုဆိုကာ ရောင်းချနေသော အဆင့်မြင့်ထုတ်ကုန်များကို ဓာတ်ခွဲစစ်ဆေးပြီး ပါဝင်မှုမရှိလျှင် ဥပဒေအရ အရေးယူမှုပြုလုပ်နိုင်ရန် လုပ်ဆောင်နေပြီဖြစ်ကြောင်းသိရသည်။ မြန်မာ့သနပ်ခါးကို ပြည်ပနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ အိန္ဒိယ အပြင် တရုတ်နဲ့ ပြင်သစ်နိုင်ငံကလည်း စိတ်ဝင်စားနေကြတယ်။ စိတ်ဝင်စားမှုရှိနေတဲ့အချိန်မှာ တင်ပို့မှုတွေကို လုပ်ဆောင်ဖို့ လိုပါတယ်။ အဲဒီအတွက် အားလုံးပူးပေါင်းလုပ်ဆောင်ကြစေလိုပါတယ်ဟု အဆိုပါ အသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။ လက်ရှိတွင် မြန်မာ့သနပ်ခါးကို နိုင်ငံခြားသားများ ပိုမိုသိရှိလာစေရန် အလှအပဆိုင်ရာသင်တန်းများကို အသင်းကဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

**Source:** www.thefarmermedia.com

## ပြည်ပသို့ သီဟိုဠ်စေ့တင်ပို့မှု မြင့်တက်လာ

ပြည်ပသို့ သီဟိုဠ်စေ့တင်ပို့မှုမြင့်တက်လာပြီး သီဟိုဠ်စေ့ဝယ်ယူနေသည့် နိုင်ငံအများစု နှစ်စဉ်အဝယ်လိုက်လာကြောင်း ကုန်သည်များထံမှသိရသည်။ အရင်နှစ်တွေတုန်းကဆိုရင် ပြည်ပက ဝယ်လိုက်၊ မဝယ်လိုက်နဲ့ ဈေးကွက်မငြိမ်ဘူးပေါ့။ ဒီနှစ်တော့ ဈေးကွက်မပျက်ဝယ်နေကြတယ်။ သီဟိုဠ်လှိုင်လှိုင်ပေါ်တဲ့ ဧပြီလောက်ဆိုရင် ပြည်ပကိုပို့တာများတယ်။ သီဟိုဠ်စေ့က မိုးမိပြီဆိုရင် မည်းသွားတာဖြစ်လို့ စနစ်တကျခူးဆွတ်တာနဲ့ ထုပ်ပိုးတာလုပ်ရတယ်။ နိုင်ငံတကာ ဈေးကွက်မှာလည်း စားသုံးမှုများလာတဲ့ သီးနှံတစ်မျိုးဖြစ်လာတယ်။ ဈေးကွက်ကလည်း ရှိပြီးသားဖြစ်ပေမယ့် လိုချင်သလောက် မတင်ပို့နိုင်တာလည်းရှိတယ်။ နောက်ပြီး နှစ်ရှည်ပင်လည်းဖြစ်တော့ တိုးချဲ့စိုက်မယ်ဆိုရင်လည်း ဈေးကွက် အလားအလာကောင်းတွေရှိနေပါတယ်။ နှစ်အလိုက်ပြည်ပတင်ပို့မှုထဲမှာ ဗီယက်နမ်ကလည်း အဝယ်လိုက်လာတယ်။ သီရိလင်္ကာ၊ နယူးဇီလန်၊ အင်ဒို နီးရှားနဲ့ ဆလိုဗက်ကီးယားနိုင်ငံတွေကတော့ ဈေးကွက်လိုအပ်ချက်ရှိရင်ရှိသလို ပို့ဖြစ်ကြတယ်ဟု တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ သီဟိုဠ်စေ့ကုန်သည် ကိုစိုးသော်ကပြောသည်။ မြန်မာသီဟိုဠ်ကို ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ မလေးရှား၊ အာဖရိကနိုင်ငံများ၊ ဂျပန်နှင့် အိန္ဒိယသို့ ဈေးကွက် မပျက် တင်ပို့နေပြီး ယခင်က တစ်လလျှင် တန်ချိန် ၅ဝဝ ကျော်တင်ပို့ရာမှ လက်ရှိတွင် တန်ချိန် ၈ဝဝ ကျော် တင်ပို့လာကြောင်းသိရသည်။ ဒိုင်တွေမှာတော့ သီဟိုဠ်ကို ကီလိုနဲ့ဝယ်တယ်။ ထိုင်းလုပ်ငန်းရှင်တွေ လာဝယ်သလို နယ်စပ် ကုန်သွယ်မှုကနေလည်းပို့တယ်။ ဈေးကတော့ အစားစားရှိတော့ အညံ့စားကနေ အကောင်းဆုံးထိ ဈေးအမျိုးမျိုးရှိတယ်။ ဒီဘက်မှာလည်း ခြံပိုင်ရှင်တွေ စုပေါင်းပြီးတော့ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ကြတယ်ဟု ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်ရှိ သီဟိုဠ်စေ့လုပ်ငန်းရှင် ဦးနိုင်ဟံသာကပြောသည်။ သီဟိုဠ်စေ့ကို ကုန်ကြမ်းထက်၊ ကုန်ချောထုတ်လုပ် ရောင်းချမှုက ပိုမိုတွက်ခြေကိုက်ခြင်းကြောင့် အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူနေကြောင်းသိရသည်။ လက်ရှိတွင် သီဟိုဠ်ကို နိုင်ငံတကာ သို့တင်ပို့နေသော်လည်း ပါကင်ထုပ်ပိုးမှု စနစ်အားနည်းမှုများရှိနေသည်။ ဈေးကွက်၌ သီဟိုဠ်စေ့ တစ်ပိဿာ လျှင် ကျပ် ၁၅ဝဝဝ မှ ကျပ် ၂၇ဝဝဝ အထိ အစားစားဈေးရှိနေကြောင်း၊ သီဟိုဠ်ပင်သည် စတင်စိုက် ပျိုးချိန်မှ နှစ်နှစ်သက်တမ်းခန့်အကြာတွင် အသီးစသီးသော်လည်း ခုနစ်နှစ်အရွယ်မှသာ စီးပွားဖြစ်စတင်ခူးဆွတ်နိုင်ကြောင်း၊ အပင်သက်တမ်းနှစ် ၅ဝ ခန့်အထိ ခူးဆွတ်နိုင်ကြောင်းသိရသည်။ သီဟိုဠ်စေ့အခွံကို လောင်စာအဖြစ် တစ်တင်းခွဲဝင် တစ်အိတ်လျှင် ကျပ် ၄ဝဝဝဖြင့် ရောင်းချကြသည်။ မြန်မာနိုင်ငံတွင် သီဟိုဠ်စေ့ကို ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ၊ မွန်၊ ကရင်နှင့် ရခိုင်စသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဧကနစ်သိန်းကျော်စိုက်ပျိုးကာ အသီးခူးဆွတ်နိုင်သော ဧကပေါင်း တစ်သိန်းခွဲခန့်ရှိကြောင်းသိရသည်။ ထိုသို့ သီဟိုဠ်စိုက်ပျိုးရာတွင် မျိုးစေ့ကိုတိုက်ရိုက်စိုက်ပျိုးခြင်း၊ ပျိုးထောင်၍စိုက်ပျိုးခြင်း နှင့် ကိုင်းကူးဆက်၍စိုက်ပျိုးပြီး အနီမျိုးနှင့်အဝါမျိုးဟူ၍ရှိကြောင်းသိရသည်။ ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက်တင်ပို့မှု စာရင်းများအရ ၂ဝ၁၃-၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၉ဝဝကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ သန်းကျော်၊ ၂ဝ၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄ဝဝ၊ အမေရိကန် ဒေါ်လာ ၁၅ သန်းကျော်၊၂ဝ၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၇ဝဝ ကျော်၊ အမေရိကန် ဒေါ်လာရှစ်သန်းကျော်ရရှိခဲ့သည်။ သီဟိုဠ်စေ့ အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ အမေရိကန်၊ ယူအေအီး၊ နယ်သာလန်၊ ဂျာမနီ၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်နှင့် ထိုင်းတို့ ဖြစ်သည်။ အများဆုံး စိုက်ပျိုးထုတ်လုပ်နေသောနိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်၊ ဂီနီအာဘစ်ဆော၊ ဘရာဇီး၊ ဘီနင်၊ ကမ္ဘောဒီးယားတို့ဖြစ်သည်။

**Source:** www.thefarmermedia.com

## ပဲမျိုးစုံအဝယ်မလိုက်လို့ ဈေးကျ

ဒီတစ်ပတ် ပဲမျိုးစုံဈေးကွက်မှာ ပဲမျိုးစုံလိုလိုပေါ်ချိန်မို့ဈေးကျနေပြီး အဝယ်မလိုက်တာကြောင့် လည်း ဈေးကျနေတယ်လို့ မကွေးကုန်စည်ဒိုင်ဈေးကွက်ကသိရပါတယ်။ ပဲတီစိမ်း ၁၉ ပိဿာဝင်တစ်အိတ်ကို ကျပ် ၃၅၅၀၀ ကနေ ဒီတစ်ပတ်မှာ တစ်အိတ်ကို ကျပ် ၃၄၅၀၀ ကျသွားပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ပြန်ကျသွားတာဖြစ်ပါ တယ်။ ပဲတီစိမ်းဟာ ပေါ်ချိန်မို့လို့ ဈေးကျသွားတယ်လို့သိရပါတယ်။ မကွေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးကျော်ထွန်း က ပဲတီစိမ်းက ပေါ်တဲ့အချိန်လဲဖြစ်တယ်၊ ပြီးတော့ စိုလို့ဈေးကျတာလို့ပြောပါတယ်။

ပဲစင်းငုံနီ(သစ်) ၂၀ ပိဿာဝင် တစ်အိတ်ကို အရင်တစ်ပတ်က ကျပ် ၃၂၂၀၀ ကနေ ဒီတစ်ပတ်မှာ တော့ တစ်အိတ်ကို ကျပ် ၃၂၀၀၀ ရှိပါတယ်။ ပဲစင်းငုံနီ(ဟောင်း) ၂၀ပိဿာဝင် တစ်အိတ်ကို အရင်တစ်ပတ်က ကျပ် ၂၉၀၀၀ ရှိပြီး ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ကျပ် ၂၉၅၀၀ ကို ပြန်တက်သွားပါတယ်။ ကုလားပဲ (၉၂၉) ၁၉ ပိဿာဝင်တစ်အိတ်ကို အရင်တစ်ပတ်က ကျပ် ၂၇၅၀၀ ရှိပြီး သည်တစ်ပတ် မှာတော့တစ်အိတ်ကိုကျပ် ၂၇၂၀၀ ရှိပါ တယ်။ အနည်းငယ်ပြန်ကျသွားတာဖြစ်ပြီး ကုလားပဲဈေးဟာ သည်ဈေးကြားမှာပဲ တက်လိုက်ကျလိုက် ရှိနေ တာဖြစ်ပါတယ်။ ဦးကျော်ထွန်းက ပဲစင်းငုံ မတ်ပဲတို့ကလဲ အိန္ဒိယဘက်က အဝယ်ကျလို့ ဈေးကျတာ၊ ဈေး တက် မတက်ကတော့ အဝယ်ပြန်လိုက်လာရင် တက်မှာပေါ့၊ ဝယ်လိုအားပေါ် မူတည်တယ်လို့ပြောပါတယ်။ ပဲကြီးဖြူ ၁၉ ပိဿာ ဝင် တစ်အိတ်ကို ကျပ် ၃၂၀၀၀ရှိပါတယ်။ မတ်ပဲ ၁၉ ပိဿာဝင်တစ်အိတ်ကို ကျပ် ၂၆၀၀၀ ရှိပါ တယ်။ ပဲထောပတ် ၁၉ ပိဿာဝင် တစ်အိတ်ကို အရင်တစ်ပတ်က အထိ ကျပ် ၃၀၀၀၀ရှိခဲ့ပြီး သည်တစ် ပတ်မှာ တော့ တစ်အိတ်ကို ကျပ် ၃၃,၀၀၀ကို တက်သွားပါ တယ်။ တစ်အိတ်ကို ကျပ် ၃၀၀၀ တက် သွားတာဖြစ်ပါတယ်။ စားတော်ပဲ၂၀ပိဿာဝင် တစ်အိတ်ကို ကျပ် ၃၂၅၀၀၊ကုလားပဲ သေး၁၉ပိဿာဝင်တစ်အိတ်ကို ကျပ်၂၆၇၀၀၊ အရင်ဈေး အတိုင်းမပြောင်းဘဲ သည်ဈေးမှာပဲ ငြိမ်နေတယ်လို့ မကွေးကုန်စည်ဒိုင်ဈေးကွက်ကသိရပါတယ်။

ဈေးငြိမ်နေခဲ့တဲ့ နှမ်းဈေးတွေကတော့ နှမ်းတချို့က တက်ဈေးမှာငြိမ်နေပေမဲ့ နှမ်းဖြူကတော့ ဈေးပြန်အေး သွားတယ်လို့ မကွေးကုန်စည်ဒိုင်ဈေးကွက်က သိရပါတယ်။ ဦးကျော်ထွန်းက နှမ်းကပေါ်တော့မှာကိုး၊ အဲဒီ တော့ ဝယ်တဲ့သူကလဲ စောင့်ကြည့်တာပေါ့၊ ဝယ်အေးတာပေါ့၊ နှမ်းကရာသီချိန်ရောက်တော့မှာ ကိုးလို့ပြောပါ တယ်။ ဆက်လက်ပြီး သူက နှမ်းကရှေ့လျှောက်အေးဖို့ပဲရှိမယ်၊ ပြန်တက်ဖို့ကတော့ ရာသီကုန်ပြီးနှစ်လ သုံးလ လောက် မှပဲ ပြန်တက်ဖို့ ရှိလိမ့်မယ်လို့ပြောပါတယ်။

နှမ်း ၄၅ ပိဿာဝင်တစ်အိတ်ကို အရင်တစ်ပတ်အထိ ကျပ် ၂၇၀၀၀၀၊ ဝွနက် ရိုးရိုး ၄၅ ပိဿာဝင် တစ်အိတ်ကို အရင်တစ်ပတ် တက်ဈေး ကျပ်၂၀၀၀၀၀ မှာပဲရှိနေတာတွေ့ရပါတယ်။ နှမ်းဖြူတစ်အိတ်ကို အရင် တစ်ပတ်က အထိ ကျပ် ၁၆၅၀၀၀၊ ၁၇၂၀၀၀ ရှိပြီး ဒီတစ်ပတ်မှာတော့ ကျပ် ၁၆၄၀၀၀၊ ၁၇၁၀၀၀ ကို ကျသွားပြီး နှမ်းဖြူ (ရေသွင်း) တစ်ပိဿာကို အရင်တစ်ပတ်က ကျပ် ၁၆၅၀၀၀၊ ၁၆၈၀၀၀ရှိပြီး ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ကျပ် ၁၆၄၀၀၀၊ ၁၆၇၀၀၀ ကို ကျသွားပါတယ်။ နှမ်းညိုကြားတစ်အိတ်ကို အရင်တစ်ပတ်ကအထိ ကျပ် ၁၅၆၀၀၀ ရှိပြီး တက်ဈေးမှာပဲငြိမ်နေတာဖြစ်ပါတယ်။ နှမ်းနီ ၄၅ ပိဿာဝင်တစ်အိတ်ကို ကျပ် ၁၆၀၀၀၀ရှိပါတယ်။ နှမ်းဈေးတွေ ဟာ ပေါ်ချိန်ရောက်ပြီမို့ ဈေးတွေပြန်အေးလာတာဖြစ်ပြီး ပေါ်ခါစအချိန်မှာလည်း နှမ်းဈေးက ဆက်အေးသွားဦးမှာ ဖြစ်ပြီး ဈေးပြန်တက်မယ်ဆိုရင်တောင် ရာသီပေါ်ချိန်ပြီး နှစ်လသုံးလကြာမှ ပြန်တက်နိုင်တယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-34604

## ကုန်ထုတ်လုပ်မှု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ဟိုတယ်နှင့် အိမ်ရာအဆောက်အအုံ စသည့်ကဏ္ဍလေးခုတွင် ဒေါ်လာသန်း ၁၀၀ ကျော်နှင့် ကျပ်ဘီလျံ ၁၁၀ ကျော်တန်ဖိုးရှိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခု MIC ထပ်မံခွင့်ပြု

ကုန်ထုတ်လုပ်မှု၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ဟိုတယ်နှင့် အိမ်ရာအဆောက်အအုံ ကဏ္ဍလေးခုတွင် ဒေါ်လာသန်း ၁၀၀ ကျော် နှင့် ကျပ်ဘီလျံ ၁၁၀ ကျော်တန်ဖိုးရှိ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခုကို ထပ်မံခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ သိရသည်။



ဇူလိုင် ၃၁ ရက်ကပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၁၉) အကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ၊ ဟိုတယ်ကဏ္ဍနှင့် အိမ်ရာအဆောက်အအုံကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

ကိုးခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ယင်းလုပ်ငန်းကိုးခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၁၇၂ သန်းနှင့် ကျပ် ၁၁၀၇၀၃ ဒသမ ၈၀၀ သန်း (ကျပ်ဘီလျံ ၁၁၀ ဒသမ ၇၀၃) အထိရှိသည်။ ယင်းလုပ်ငန်းကိုးခုမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၀၀၀ ကျော်အထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ဝင်ရောက်မှုမြင့်တက်နေပြီး အိမ်ခြံမြေနှင့်အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများ ဝင်ရောက်မှုအနည်းငယ် တန့်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။ ကဏ္ဍအလိုက်ဆိုရင် အခုနောက်ပိုင်းမှာ ကုန်ထုတ်လုပ်မှုနဲ့စက်မှုလုပ်ငန်းတွေတက်လာပါတယ်။ အိမ်ခြံမြေနဲ့ အိမ်ရာ ဆောက်လုပ်ရေးက နည်းနည်းတန့်နေပါတယ်ဟု ဦးသန့်စင်လွင်ကပြောကြားသည်။ ပြီးခဲ့သည့် ငါးနှစ်ဝန်းကျင် ခန့်တွင် မြန်မာနိုင်ငံသို့ ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၌ အများဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၄ နဲ့ ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ကို သွားကြည့်လိုက်ရင် ရင်းနှီးမြှုပ်နှံမှုက Double ဖြစ်သွားတာရှိတယ်။ အဲဒီဟာက ဘာလဲဆိုရင် ရေအားလျှပ်စစ်လို နောက်တစ်ခါ သဘာဝဓာတ်ငွေ့လို ဒီလိုမျိုးဝင်လာတာ။ အခုတရုတ်ကနေ CMP လုပ်ငန်းတွေ တိုးလာတာကျတော့ CMP လုပ်ငန်းတစ်ခုက ဒေါ်လာငါးသန်း၊ ခြောက်သန်းလောက်ပဲရှိတယ်။ သိပ်မများဘူး။ ဒီလုပ်ငန်း လေးတွေ တိုးလာတာကျတော့လည်း တိုးတာတော့တိုးတယ် Volume (ပမာဏအရ) သိပ်မသိသာပဲနဲ့ Data (အချက်အလက် အရ) သိသာတယ်။ တချို့အပိုင်းက တိတိကျကျပြောလို့ရသလို တချို့အပိုင်းက ပြောလို့မရဘူးဟု DICA မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကဆိုသည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ဇွန်လအကုန်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံမှ စီးပွားရေးလုပ်ငန်း ကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမ ှုလုပ်ငန်းပေါင်း ၁၇၅၂ ခု ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၈၉၂ ဘီလျံကျော်အထိရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိသောစာရင်းများအရသိရသည်။ ကဏ္ဍအလိုက် အများဆုံး လာရောက်ရင်းနှီးမြှုပ်နှံထားမှုမှာ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့်ကုန်ထုတ်လုပ်မှုကဏ္ဍတို့ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/125877

## ကြက်သွန်နီ စိုက်ခွံမြင့်တာတွေပဲ ဈေးပိုရ

ဒီတစ်ပတ် ကြက်သွန်နီဈေးကွက်ကတော့ စိုက်ခွဲမြင့်တာတွေလောက်ပဲ ဈေးပိုရနေတာဖြစ်ပြီး စိုက်ခွဲမမီတဲ့ ကြက်သွန်နီ စတွေကတော့ ဈေးကျနေတာဖြစ်ပါတယ်။ ပျော်ဘွယ်မြို့နယ်တောင်သူ ဦးအေးဆွေက အခုက စိုက်ခွဲကလဲ စကားပြောတယ်၊



အခွံလုံတာ မလုံတာတွေကလဲ စကားပြောတယ်၊ စိုက်ခွံကလဲ သေးမယ်၊ အခွံမလုံဘူးဆိုရင် နောက်ပြီး ကြက်သွန်ကလဲ ညှံ့တယ်ဆိုရင် ဈေးလျှော့ရောင်းတယ်၊ တစ်ရက်နဲ့လဲမပြတ်ဘူး၊ နှစ်ရက် သုံးရက်လောက် ရောင်းယူရတယ်လို့ပြောပါတယ်။ သူကဆက်ပြီး တောင်သူတွေအနေနဲ့ကတော့ ဒီဈေးနဲ့တော့ အရမ်းမရှုံးပါဘူး၊ ကိုက်ပါတယ်၊ လှောင်လက်တွေ ဆိုရင်လဲ တစ်ပိဿာ ကျပ် ၄၀၀၊ ၄၅၀ ဝယ်ထားတဲ့သူဆိုရင် တော့ မရှုံးဘူးလို့ပြောပါတယ်။

ပခုက္ကူစ ကြက်သွန်နီ RC တစ်ပိဿာကို ကျပ် ၆၀၀၊ ဥကြီးတစ်ပိဿာကို ကျပ် ၇၅၀၊ ရှယ်တစ်ပိဿာကို ၈၂၅ ကျပ်နဲ့ ထူးရှယ်တစ်ပိဿာကို ကျပ် ၉၀၀ ရှိပါတယ်။ ပခုက္ကူ စတွေကတော့ စိုက်ခွဲကောင်းလို့ ဈေးမြင့်နေတာ ဖြစ်တယ်လို့

သိရပါတယ်။ မကွေးတိုင်း ဒေသကြီးထွက် ဆိပ်ဖြူစဆိုရင် ကြက်သွန်နီ RC တစ်ပိဿာကို ၅၂၅ ကျပ်၊ ဥကြီး တစ်ပိဿာကို ၇၂၅ ကျပ်၊ ရှယ်တစ်ပိဿာကို ကျပ် ၈၀၀ နဲ့ ထူးရှယ်တစ်ပိဿာကို ၈၇၅ ကျပ် ရှိပါတယ်။ ဆိပ်ဖြူစတွေကတော့ စိုက်ခွဲသေးလို့ ဒီဈေးမှာပဲ အရောင်းအဝယ် ဖြစ်နေတာ ဖြစ်ပါတယ်။ မြင်းခြံစတွေဆိုရင် RC တစ်ပိဿာကို ကျပ် ၄၅၀၊ ဥကြီးတစ်ပိဿာကို ၅၂၅ ကျပ်၊ ရှယ်တစ်ပိဿာကို ၆၂၅ ကျပ်နဲ့ ထူးရှယ်တစ်ပိဿာကို ၇၇၅ ကျပ်ရှိပါတယ်။ စိုက်ခွဲမမီတဲ့အတွက် မြင်းခြံစတွေက ဈေးကျနေတာဖြစ်ပါတယ်။ ပျော်ဘွယ်စ ဆိုရင်တော့ RC တစ်ပိဿာကို ကျပ် ၆၀၀၊ ဥကြီးတစ်ပိဿာကို ကျပ် ၇၅၀၊ ရှယ်တစ်ပိဿာကို ၈၂၅ ကျပ်နဲ့ ထူးရှယ် တစ်ပိဿာကို ကျပ် ၉၀၀ ရှိတယ်လို့သိရပါတယ်။ အခွံပါးရင်တော့ ဒီဈေးထက်လျှော့ရောင်းတာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးထွက် မုံရွာစဆိုရင်တော့ ကြက်သွန်နီတစ်ပိဿာကို ကျပ် ၆၀၀၊ ၇၅၀၊ ၈၂၅ ကျပ်နဲ့ ကျပ် ၉၀၀ ရှိပါတယ်။ ဦးအေးဆွေက ဒီလအတွင်းဈေး သိပ်မတက်လောက်ဘူး၊ အတက်အဆင်း ကစားလိမ့်မယ်၊ ဈေးတကယ်ကောင်းမှာကတော့ ကိုးလပိုင်းလောက်လို့ပြောပါတယ်။ တရုတ်ဘက်ကလည်း RC နဲ့ ဥကြီးတွေ အဝယ် ပြန်လိုက်နေတယ်လို့သိရပါတယ်။ အဝယ်တွေ ပြန်လိုက်နေပေမဲ့ အရောင်းကတော့ အေးနေတာဖြစ်ပြီး လဆန်းပိုင်းလောက်မှာတော့ အရောင်းအဝယ်သွက်ပြီး ဈေးနည်းနည်းပိုမယ်လို့ မှန်းထားတယ်လို့သိရပါတယ်။ ဘုရင့်နောင်ဈေးကွက်ကို ကားအစီးရေ ၂၅ စီးဝင်ပြီး မြင်းခြံကခုနစ်စီး၊ ဆိပ်ဖြူက ခြောက်စီး၊ မုံရွာ လေးစီး၊ ပျော်ဘွယ် နှစ်စီးနဲ့ တောင်သာတို့ကတော့ သုံးစီးစီဝင်ပြီး ကျန်တာတော့ တစ်စီးစီ ဝင်တာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-34602

## Thura News Views

**Authorities warn against "illegally" imported flu vaccines**

The Food and Drug Administration (FDA) authorities have issued a warning that a drug being imported to be used as a flu vaccine is considered illegal. They also warned the public not to buy or use it, according to an article in the Myanmar Times. The warning was issued in relation to the Vaxigrip Tetra Injectable Suspension flu vaccine. The FDA said that it needs to be stored in a "cold chain" temperature-controlled supply chain. The FDA said that there is no way to check if the product sold online was being stored correctly. "These vaccines are not registered as imported drugs with the FDA as yet and there is no pharmaceutical importer who registered with the FDA to handle the drugs," U Min Wun, Head of the FDA's Yangon office told the Myanmar Times. Advocates have expressed concern about the proliferation of fake, or sub-standard, drugs across Southeast Asia. This is true especially for those that need to be stored according to certain international standards.

**Liquor association calls for better regulation of market**

The Myanmar Liquor Association (MLA) has called on the government to enact better control of the so-called "grey market". Also, they urged the government to implement more transparent regulations of the liquor market. According to an article in the Myanmar Times, the MLA also clarified its position that it is not against the importation of liquor. However, they highlight the need for a level playing field for local companies. "We have not objected to any business that wishes to start up in Myanmar, provided they set

up their processing or manufacturing facilities in our country," said U Soe Lwin, President of MLA. "If they import the products it should be done so that the local manufacturers are not penalized". The statement criticized the fact that the relaxation of import policies does not address the "grey market" of illegally imported goods. In its statement, the MLA called on the government to tackle the illegal market. It also lent its assistance to local manufacturers, so they can compete with international companies.

**Frontiir receives investment from UK development group**

Yangon-based internet service provider Frontiir has received an investment of USD 30 million from the UK government's development finance institution. According to a report in The Irrawaddy, the investment has been made by the British CDC Group, formerly the Commonwealth Development Corporation. This is its first direct equity investment in Myanmar. It will reportedly allow Frontiir to add about 4,000 employees to its current staff pool of more than 1,600 people. "CDC's capital will help accelerate [Frontiir's] growth, helping it reach further remote regions," Srini Nagarajan, CDC's managing director and head of Asia, was quoted as saying. Frontiir has said it plans to expand its internet service to cover lower in-come townships around Yangon and Mandalay. The CDC is fully owned by the British government. It aims to "build thriving communities that provide sustainable opportunities for all citizens".

**Government urges sustainable tourism in Tanintharyi**

Government officials have called for tourism companies to establish "sustainable" tourism products in the country's southerly Tanintharyi Region, in part to tackle the rise in so-called zero-dollar tours from China, according to an arti-cle in the *Myanmar Times.* During a visit to the region, where they met with business leaders, U Thaung Tun, Chair of the Minister for Investment and Foreign Economic Relations, and U Ohn Maung, Minister for Hotels and Tourism, called on interested parties to ensure that their investments in the region's tourism market benefited local communities. "The region has lots of potential and the government and private sector can collaborate to bring in more sus-tainable and quality investment for tourism," said Thaung Tun. Tourism businesses have long been keen to explore the potential in Tanintharyi, particularly because of its close proximity to Thailand, as well as the fact that it hosts the picturesque, and largely untouched, Myeik Archipelago.

Source: Thura Swiss News (**Issue 376 Aug 01, 2019)**

TIR

## STOCK EXCHANGE (2.8.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 4,003 | 44,086,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 1,577 | 5,361,800 | 38,929,150 | 132,359 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 5 | 40,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,500 | +0 | +0.00% | 24,500 | 24,500 | 24,500 | 98 | 2,401,000 | 2,472,053 | 60,565 |
| TMH | 00005 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 934 | 2,755,300 | 12,823,224 | 37,829 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 456.99 | +9.44 | +2.11% | 447.09 | 456.99 | 447.09 | 6,617 | 54,644,100 | 5 | 625,758 |

**Index chart**




# Market Overview

As of 1:00 pm, 2nd Aug. 2019

| MYANPIX-1 | 456.99 |
|---|---|
| | 9.44 |
| Total Volume (shares) | 6,617 |
| Total Value (MMK) | 55 mil |
| Listed Company | 5 |
| Market Cap. (MMK) | 625,758 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | 500 |
| MTSH | 00002 | 3,400 | 0 |
| MCB | 00003 | 8,000 | 0 |
| FPB | 00004 | 24,500 | 0 |
| TMH | 00005 | 2,950 | 50 |